**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇/၂၀၁၇)

Mr. Leong Ting Boon (ပိုင်ရှင်)
ဦးမျိုးသီဟ (HR Manager၊ အလုပ်ရှင်၏အထူး
ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊
Trends Design Furnishing Co.,Ltd
အမှတ်-၁၄၆၊ တရုတ်ကြီးလမ်း၊ စက်မှုဇုန်(၄)၊
လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
} လျှောက်ထားသူ

နှင့်

ဦးဇင်မျိုးအောင်(အလုပ်သမား)
စံပယ်ဆောင်၊ မဟာဆွေ(၁)လမ်း၊ ပီမိုးနင်းလမ်းမ၊
အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
} လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ ဦးတရုတ်ကြီးလမ်း၊ အမှတ်-၁၄၆ ရှိ Trends Design Furnishing Co.,Ltd ပိုင်ရှင် Mr. Leong Ting Boon ၊ ဦးမျိုးသီဟ (HR Manager၊ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် အလုပ်သမား ဦးဇင်မျိုးအောင်တို့အကြားဖြစ်ပွားကြသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁၄၈/၂၀၁၆)အရ ထိုအငြင်းပွားမှုကိုကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။